**ပုဂ္ဂလိကထရန်စဖော်မာလျှောက်ထားမှုနှင့်စပ်လျဉ်း၍ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(၁) လျှောက်ထားသူ၏မှတ်ပုံတင်မိတ္တူနှင့် လက်ရှိအိမ်ထောင်စုစာရင်းမိတ္တူပါရှိရပါမည်။

(၂) မြေပိုင်ဆိုင်မှုအထောက်အထား (မြေစာရင်းပုံစံ-၁၀၅/၁၀၆ (သို့) ဂရံ (သို့) ဌာနပိုင်မြေ/ သာသနာမြေ (သို့) မြေပိုင်ဆိုင်မှုစာချုပ်စသည်တို့)ပါရှိရမည်။

(၃) စက်မှုလက်မှုလုပ်ငန်းအတွက် လျှောက်ထားပါက အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ လုပ်ငန်းလိုင်စင် (သို့) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လုပ်ငန်းလိုင်စင်ပါရှိ ရမည်။

(၄) ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းအတွက်လျှောက်ထားပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ခွင့်ပြုမိန့် လိုင်စင် (သို့) စည်ပင်သာယာရေးအဖွဲ့၏ ၎င်းလုပ်ငန်းနှင့်သက်ဆိုင် သောလိုင်စင် (သို့) သက်ဆိုင်ရာ ဌာန၏ ထောက်ခံချက်ပါရှိရမည်။

(၅) ဟိုတယ်၊ တည်းခိုခန်းအတွက်လျှောက်ထားပါက ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှု ဦးစီးဌာန၏ လုပ်ငန်းလိုင်စင် (သို့) စည်ပင်သာယာရေးအဖွဲ့၏ ၎င်းလုပ်ငန်းနှင့် သက်ဆိုင်သော လိုင်စင်(သို့) သက်ဆိုင်ရာဌာန၏ထောက်ခံချက်ပါရှိရမည်။

(၆) ဆန်စက်လုပ်ငန်းအတွက် လျှောက်ထားပါက စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်း လိုင်စင် (သို့) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းလိုင်စင် ပါရှိရမည်။

(၇) ရေသန့်ရေခဲစက်လုပ်ငန်းနှင့် စားသောက်ကုန် ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် လျှောက်ထားလာပါက အစားအသောက်နှင့် ဆေးဝါးကွက်ကဲရေးဦးစီးဌာန၏ လုပ်ငန်းလိုင်စင် (သို့) စည်ပင်သာယာရေးအဖွဲ့၏ ၎င်းလုပ်ငန်းနှင့်သက်ဆိုင်သော လိုင်စင် (သို့)သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ပါရှိရမည်။

(၈) ဘဏ်လုပ်ငန်းအတွက် လျှောက်ထားပါက ဘဏ်လုပ်ငန်းခွင့်ပြုမိန့် (သို့) စည်ပင် သာယာရေးအဖွဲ့၏ ၎င်းလုပ်ငန်းနှင့်သက်ဆိုင်သောလိုင်စင် (သို့) သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ပါရှိရမည်။

(၉) အိမ်ရာစီမံကိန်း Housing Project များအတွက် လျှောက်ထားလိုလျှင် မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၏ ထောက်ခံသဘောတူညီချက် လိုအပ်ပါသည်။ (သီးခြား အိမ်သုံးမီတာ(၁)လုံးစီ တပ်ဆင်သုံးစွဲလိုခြင်း(သို့) မိန်းမီတာဖြင့်သုံးစွဲလိုခြင်းကို အခန်းအရေအတွက်နှင့်တကွ ဖော်ပြပေးရပါမည်။

(၁၀) ဌာနဆိုင်ရာ၊ ဘာသာ/သာသနာနှင့် အိမ်သုံးအတွက် လျှောက်ထားပါက မည်သည့် လိုင်စင်မှ မလိုအပ်ပါ။ (မှတ်ချက်- အိမ်သုံးအတွက် လျှောက်ထားခြင်းဖြစ်၍ စက်မှု လက်မှုစီးပွားရေး လုပ်ငန်းမသုံးစွဲကြောင်းနှင့် အခြားစီးပွားရေး လုပ်ငန်းအဖြစ် ငှားရမ်းပါက စီးပွားရေးနှုန်းထားဖြင့် ဓာတ်အားခပေးချေမည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုရမည်။

**စိစစ်ခြင်းအပိုင်း**

(၁) ထရန်စဖော်မာ စတင်လျှောက်ထားခြင်းအား မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးတွင် မှတ်ပုံတင်ကြေး (၂၀၀၀၀/-)(ကျပ်နှစ်သောင်းတိတိ)ပေးသွင်း၍ စတင်လျှောက်ထား ရပါမည်။

(၂) ဖော်ပြပါအချက်များ၊ ကာယကံရှင်လျှောက်လွှာ၊ သုံးစွဲမည့်ဝန်အားစာရင်းနှင့် လျှပ်စစ်ပုံစံ (၁၆) စာချုပ်တွင် ကာယကံရှင်မှ လက်မှတ်ရေးထိုးပြီးပါက ဌာနမှ Technical data များစိစစ်၍ ဓာတ်အားပေးရမည့် Main Transformer ၏ဝန်အားနိုင်နင်းပါကမြို့နယ်၊ ခရိုင်ရုံးများမှ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ တင်ပြရပါမည်။

(၃) လျှောက်ထားရာတွင် ပါ ဝင်ရမည့် အထောက်အထားများပြည့်စုံပါက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း(ရုံးချုပ်)သို့ ဆက်လက်၍ ခွင့်ပြုမိန့်တင်ပြတောင်းခံပေးပါမည်။

(၄) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ရုံးချုပ်)မှ ခွင့်ပြုမိန့်ရရှိပါက လျှောက်ထားသူ၏ ကုန်ကျစရိတ် (ပစ္စည်းဖိုး+လုပ်အားခ)ဖြင့် တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းသို့ ထရန်စဖော်မာ တပ်ဆင်အင်အားအလိုက်

ပေးသွင်းရမည့် သတ်မှတ်ကြေး (Infrastructur)၊ အာမခံစဘော် (Deposit)၊ မီးဆက်ခ၊ ကြီးကြပ်ခ၊ကြိုးသွယ်ခနှင့် ဌာနတွင်း တည်ဆောက်ခြင်း လုပ်အားခများ ပေးသွင်းရမည်။

**ကြီးကြပ်မှုအပိုင်း**

(၁) တည်ဆောက်ရေးလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်/မြို့လျှပ်စစ်မှူးနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သတ်မှတ်ထားသော စံချိန်စံညွှန်းအတိုင်းဆောင်ရွက်ခြင်း ရှိ/မရှိကို တည်ဆောက်ရေးကာလအတွင်း စစ်ဆေးကြပ်မတ်ပါမည်။

(၂) တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီး၍ လုပ်ငန်းပြီးစီးကြောင်း မြို့နယ်/ခရိုင်ရုံးများမှ တင်ပြလာပါက ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ စစ်ဆေးပြီး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းနှင့် ဓာတ်အားလွှင့်ခွင့်အား အတည်ပြုချက်ရယူပါမည်။

(၃) ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သဘောတူညီချက် ရရှိပါက သင့်လျော်သောမီတာတပ်ဆင်၍ ဓာတ်အားသုံးစွဲခွင့်ပြုပါမည်။